**(၁) ဖါးဥမှိုရောဂါ (Powdery mildew)**

**ရောဂါဖြစ်စေသက်ရှိ -** *Erysiphe necator* Schwein. (*Uncinula necator* (Schwein.) Burrill)

**ရောဂါလက္ခဏာ**

အရွက်ပေါ်တွင် ပေါင်ဒါမှုန့်ကဲ့သို့သော အဖြူရောင်မှိုမျှင်ကွက်များဖြစ်ပေါ်သည်။ သီးခိုင် ပေါ်တွင်လည်းပေါင်ဒါမှုန့်များဖြူးထားသကဲ့သို့ မှိုမျှင်များကပ်နေသည်။





ကာကွယ်နှိမ်နင်းများ

- ခံနိုင်ရည်ရှိသောမျိုးကိုရွေးချယ်စိုက်ပျိုးပါ။
- ရောဂါရအရွက်များနှင့် ပင်ကြွင်းပင်ကျန်များအား မီးရှို့ဖျက်ဆီးပါ။
- ရောဂါကျရောက်ပါက Sulfur ပါဝင်သောဆေး၊ Hexaconazole (ဟက်ဇာကိုနာဇိုး)၊ Chlorothalonil (ကလိုရိုသာလိုနေးလ်)၊ Kresoxim Methyl (ကရီဆိုဇင်မ်မီသိုင်း)၊ Tebuconazole (တက်ဗျူကိုနာဇိုး)၊ Propiconazole (ပရိုပီကိုနာဇိုး) စသောမှိုသတ်ဆေးများဖြင့် ထိရောက်စွာ ကာကွယ်နှိမ်နင်း နိုင်ပါသည်။